# ကျောင်းပြင်ပမူလတန်းပညာရေး
# မြန်မာစာ သင်ကြားမှု မိတ်ဆက်
## e -Learning Program

ဒေါ်ညွန့်ညွန့်ရီ
ကျောင်းပြင်ပမူလတန်းပညာရေး နည်းပညာအဖွဲ့(အဖွဲ့ဝင်)
မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပြင်မဲ့ဌာန

# ကျောင်းပြင်ပမူလတန်းပညာရေး
# (မြန်မာစာ) အမှာစာ

- ရေးရိုးမြန်မာသင်ပုန်းကြီးနည်းအသုံးပြုသင်ရန်။
- စာလုံးပေါင်း ... အသံထွက် ... တိုက်ရိုက်ကြည့်ဆို
- သင်စာကျေမှုဖတ်စာသင်ရန်။
- လက်တွေ့လုပ်ဆောင်စေရန်။
- ပတ်ဝန်းကျင်ရှိဝတ္ထုပစ္စည်းများအသုံးချသင်ကြားရန်။
- စာပါအကြောင်းအရာကိုအခြေခံကာ စာသင်တန်းသားတို့၏ အသိပညာ၊ အတတ်ပညာနှင့် အတွေးအခေါ်ကောင်းစေရန်။

# မြန်မာစာ ဆရာ့လမ်းညွှန် ရည်ရွယ်ချက်

## ပထမဆင့်

(၁) အချိန်တိုအတွင်းတတ်ကျွမ်းစေရန်။
(၂) စွမ်းရည် (၄)မျိုးကျွမ်းကျင်စေရန်။
(၃) မြန်မြန်နှင့်မှန်မှန်ဖတ်တတ်စေရန်။
(၄) စွဲစွဲမြဲမြဲသင်ယူတတ်မြောက်စေရန်။
(၅) စာဖတ်ဝါသနာပါစေရန်။
(၆) အသိဉာဏ်တိုးပွားလိမ္မာလာစေရန်။
(၇) စာဖတ်ရှိန်ဆက်လက်မြှင့်တင်ပေးရန်။

သင်ချိန် – နာရီပေါင်း ၆၅ ခန့်

## ဒုတိယဆင့်

(၁) စာဖတ်ရှိန်မြင့်မားလာစေရန်။
(၂) ဝေါဟာရကြွယ်ဝလာစေရန်။
(၃) ဝါကျများနှင့်စာပိုဒ်များရေးဖွဲ့တတ်စေရန်။
(၄) ဗဟုသုတတိုးပွားလာစေရန်။
(၅) မြန်မာ့ယဉ်ကျေးမှု သိရှိလိုက်နာစေရန်။

သင်ချိန် – နာရီပေါင်း ၆၅ ခန့်

# မြန်မာစာ(ပထမဆင့်)အနည်းဆုံးအခြေခံတတ်ကျွမ်းမှုများ

## အနာအကြား

- ဗျည်း၊ ဗျည်းသရ၊ ဗျည်းတွဲခွဲခြားသိ
- အသတ်သံ ဆင်တူ စကားလုံးခွဲသိ
- ကာရန်တူ အသံတူ ခွဲခြားသိ
- ညွှန်ကြားချက်သိ
- သတင်းစကား နားထောင်နိုင်

## အပြောအဆို

- ကာရန်/သံတူခွဲပြော
- ပုံပြင်အစနားထောင် ပြီးရှေ့ခန်းမှန်းပြော
- လိုက်လျောစွာပြော
- ခေါင်းစဉ်ဆွေးနွေး
- မိတ်ဆက်၊ဖိတ်ကြား
- သင်ခန်းစာပါ အကြောင်းပြောနိုင်
- ဝေါဟာရအသစ်/ ဝါကျတိုပြောနိုင်
- မေးခွန်းမေး/ဖြေနိုင်
- အနီးစပ်ဆုံးမှန်၊ အသံထွက်ပြောနိုင်

## အဖတ်

- ဗျည်း၊ ဗျည်းသရတွဲ၊ ဗျည်းတွဲဖတ်နိုင်
- ဆောင်ပုဒ်၊ကဗျာမှန် ကန်စွာဖတ်နိုင်
- ရုပ်ပုံနှင့်စာလုံးဆက် စပ်ခန့်မှန်းဖတ်နိုင်
- သင်္ကေတကို ကြည့်ခန့်မှန်းဖတ်နိုင်
- ရှေ့နောက်ဆက်စပ် စကားလုံးအသစ်ကို ခန့်မှန်းဖတ်နိုင်
- စကားလုံး/စု၊ဝါကျ ဆောင်ပုဒ်ဖတ်နိုင်

## အရေး

- ဖတ်စာများကူးရေးနိုင်
- အသုံးနည်းစကားလုံး များရေးနိုင်
- ဝါကျတိုရေးနိုင်
- ပုဒ်ကလေး၊ ပုဒ်မရေးနိုင်
- ဝါကျရောများရေးနိုင်
- ရုပ်ပုံရေးဆွဲဖော်ပြနိုင်
- ရုပ်ပုံကြည့်၍ဝါကျ တစ်ကြောင်းရေးနိုင်
- ဖော်ပြလိုသည်ကို ဝါကျ (၅)ကြောင်းခန့်ရေးနိုင်

# မြန်မာစာ (ဒုတိယဆင့်)အနည်းဆုံးအခြေခံတတ်ကျွမ်းမှုများ

## အနားအကြား

- နေ့စဉ်သုံးစကားများကိုနားလည်တုံ့ပြန်နိုင်
- ညွှန်ကြားချက်ပေးနိုင်လိုက်နာနိုင်
- သတင်းစကားနားထောင်နိုင်
- ထင်မြင်ချက်များနားထောင်နိုင်

## အပြောအဆို

- ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေပါဝင်ပြောဆိုနိုင်
- မရှင်းလင်းသည်တို့ကိုမေးမြန်းနိုင်
- မေးမြန်းချက်များပြောဆိုနိုင်
- ဝိသေသနများ၊စကားလုံးများ၊နာမ်စားများရွေးချယ်ပြောဆိုနိုင်

## အဖတ်

- ဝါကျရိုး ဝါကျရောမှန်ကန်စွာဖတ်နိုင်
- စာသားပုံစံအမျိုးမျိုး၊ပါဌ်ဆင့်ဖတ်နိုင်
- အသံတိတ်ဖတ်နိုင်
- ကြော်ငြာ၊ကာတွန်းဂျာနယ်များရွေးချယ်ဖတ်နိုင်
- ရှေ့နောက်ဆက်စပ်၍စကားလုံးအသစ်ကိုခန့်မှန်းဖတ်နိုင်
- စကားလုံး/စု၊ဝါကျ၊ဆောင်ပုဒ်ဖတ်နိုင်

## အရေး

- မှန်ကန်စွာကူးရေးနိုင်
- သတ်ပုံမှန်စွာရေးနိုင်
- ပုဒ်ကလေးပုဒ်မ၊မြက်တောင်အဖွင့်အပိတ်ကွင်းစကွင်းပိတ်အသုံးပြုရေးနိုင်
- ရုပ်ပုံကြည့်၍ဝါကျတစ်ကြောင်းခန့်ရေးနိုင်၊ရုပ်ပုံမကြည့်ဘဲ ဝါကျ (၅) ကြောင်းခန့်ရေးနိုင်
- စာပိုဒ်ကိုဖတ်ပြီးသင့်တော်သောခေါင်းစဉ်ကိုဖော်ပြနိုင်

# သင်ခန်းစာအမျိုးအစားများ

## ပထမဆင့်

(၁) ဗျည်းများ၊ သရများ၊ ဗျည်းတွဲများ၊ ရေးဆွဲနည်းများ၊ ဗျည်းဖတ်စာများ

(၂) သင်စာများ (၁၆ ပုဒ်)

(၃) ဖတ်စာများ (၁၆ ပုဒ်)

(၄) ကဗျာ (၉ ပုဒ်)

(၅) စကားပြေ (၃ ပုဒ်)

(၆) လေ့ကျင့်ခန်းများ (၁၆ ပုဒ်)

## ဒုတိယဆင့်

(၁) စကားပြေ၊ ဖတ်စာ (၁၀ ပုဒ်)
(စကားထာ၊ ဆိုရိုးစကား)

(၂) ပုံပြင် (၆ ပုဒ်)

(၃) ကဗျာများ (၁၀ ပုဒ်)

# ဗျည်းသင်ခန်းစာများနှင့်သင်ကြားချိန်

| | |
|---|---|
| **ရွတ်ဆိုရန်** | **(၄၀) မိနစ် (၄) ချိန်** |
| (၁) ဗျည်းအမည်ပြလက်ာရွတ်ဆိုရန် | (၄၀) မိနစ် (၄) ချိန် |
| (၂) ဗျည်းအသံထွက်ပုံလက်ာရွတ်ဆိုရန် | (၄၀) မိနစ် (၄) ချိန် |
| (၃) ဗျည်းများနှင့်သရများ | (၄၀) မိနစ် (၄) ချိန် |
| (၄) ဗျည်းအမည်များ | (၄၀) မိနစ် (၄) ချိန် |
| (၅) ဗျည်းအက္ခရာ ရေးဆွဲနည်း | (၄၀) မိနစ် (၄) ချိန် |
| (၆) ဗျည်းဖတ်စာများ | (၄၀) မိနစ် (၄) ချိန် |

**ရည်ရွယ်ချက်။** ဗျည်းအက္ခရာအမည်၊ ပုံသဏ္ဌာန်နှင့်အသံတို့ကိုစွဲမြဲစွာမှတ်မိစေရန်၊
ဗျည်းအက္ခရာများကို အရစ်အစွဲမှန်ကန်စွာရေးသားတတ်စေရန်၊
ဗျည်းဖတ်စာများကိုဖတ်တတ်ကူးရေးတတ်စေရန်။

# သင်စာ (ပထမနှစ်ဝက်) သင်ခန်းစာများနှင့်သင်ကြားချိန်

သင်စာ (၁) ရေးချခန်း

သင်စာ (၂) လုံးကြီးတင်ခန်း

သင်စာ (၃) ချောင်းငင်ခန်း

သင်စာ (၄) သဝေထိုးခန်း

သင်စာ (၅) ယသတ်နောက်ပစ်ခန်း

သင်စာ (၆) သဝေထိုးရေးချခန်း

သင်စာ (၇) လုံးကြီးတင်ချောင်းငင်ခန်း

သင်စာ (၈) ဏသတ်၊ နသတ်၊ မသတ်၊
သေးသေးတင်ခန်း

သင်စာ (၉) ယပင့် ရရစ်ခန်း

သင်စာ (၁၀) ဝဆွဲခန်း

သင်စာ (၁၁) ဟထိုးခန်း

သင်စာ (၁၂) ယပင့်/ရရစ် ဝဆွဲခန်း

သင်စာ (၁၃) ယပင့်/ရရစ် ဟထိုးခန်း

သင်စာ (၁၄) ဝဆွဲဟထိုးခန်း

သင်စာ (၁၅) ကသတ်ခန်း

သင်စာ (၁၆) ကသတ်ခန်းအဆက်

**သင်ချိန်။** ။ (၄၀) မိနစ်၊ (၄)ချိန်စ

**ရည်ရွယ်ချက်။** ။ သရလက်ာမှအသံ (၃)သံပြောင်းလဲပုံကို ကလေးများပျော်ရွှင်စွာရွတ်ဆိုနိုင်စေရန်။

# ဖတ်စာ (ပထမနှစ်ဝက်) သင်ခန်းစာများနှင့် သင်ကြားချိန်

ဖတ်စာ (၁)

ဖတ်စာ (၂)

ဖတ်စာ (၃)

ဖတ်စာ (၄)

ဖတ်စာ (၅)

ဖတ်စာ (၆)

ဖတ်စာ (၇)

ဖတ်စာ (၈)

ဖတ်စာ (၉)

ဖတ်စာ (၁၀) ရွာသာယာ

ဖတ်စာ (၁၁) အရှေ့ရွာ

ဖတ်စာ (၁၂) ချွေတာငွေစုကောင်းကျိုးပြု

ဖတ်စာ (၁၃) ဆရာတော်ဦးဇဝန

ဖတ်စာ (၁၄) ထမဲနဲ

ဖတ်စာ (၁၅) နံနက်ခင်း

ဖတ်စာ (၁၆) တို့လယ်သမား

**အင်္ဂလိပ်လနှင့်ရက်များ၊ စကားအသုံးအနှုန်း (၁) နှင့် (၂)**

**သင်ချိန်။** ။ (၄၀) မိနစ်၊ (၄)ချိန်စ

**ရည်ရွယ်ချက်။** ။ စာဖတ်ပြီးနားလည်နိုင်စွမ်းရှိစေရန်၊ ခွဲခြမ်းစိတ်ဖြာတတ်စေရန်။

# ပထမနှစ်ဝက် ကဗျာသင်ခန်းစာများနှင့် သင်ကြားချိန်

(၁) တူတူရေဝါး

(၂) မနီလိမ္မာဖို့

(၃) ချိုးကလေး

(၄) လယ်စောင့်တဲ

(၅) အားလုံးညီညွတ်တယ်

(၆) ကြွက်ကလေး

(၇) ကြက်ဖတိန်ညင်

(၈) သပြေသီးကောက်

(၉) မြန်မာ့ကျောင်းသူ

**သင်ချိန်။** ။ (၃၀) မိနစ်၊ (၂)ချိန်စ

**ရည်ရွယ်ချက်။** ။ ကဗျာကိုရွတ်ဆိုတတ်စေရန်၊ နားလည်သလိုပြန်ပြောတတ်စေရန်။

# လေ့ကျင့်ရန် လေ့ကျင့်ခန်းများ

(၁) အခြေခံလေ့ကျင့်ခန်းများ

(၂) ရေးချလေ့ကျင့်ခန်းများ

(၃) လုံးကြီးတင်လေ့ကျင့်ခန်းများ

(၄) ချောင်းငင်လေ့ကျင့်ခန်းများ

(၅) သဝေထိုးလေ့ကျင့်ခန်းများ

(၆) ယသတ်နောက်ပစ်လေ့ကျင့်ခန်းများ

(၇) သဝေထိုးရေးချလေ့ကျင့်ခန်းများ

(၈) လုံးကြီးတင်ချောင်းငင်လေ့ကျင့်ခန်းများ

(၉) နသတ်မသတ်သေးသေးတင်လေ့ကျင့်ခန်းများ

(၁၀) ယပင့်၊ ရရစ်လေ့ကျင့်ခန်းများ

(၁၁) ဝဆွဲလေ့ကျင့်ခန်းများ

(၁၂) ဟထိုးလေ့ကျင့်ခန်းများ

(၁၃) ယပင့်ဝဆွဲ၊ရရစ်ဝဆွဲလေ့ကျင့်ခန်းများ

(၁၄) ဝဆွဲဟထိုးလေ့ကျင့်ခန်းများ

(၁၅) ကသတ်လေ့ကျင့်ခန်းများ

(၁၆) သဝေထိုးရေးချကသတ်လေ့ကျင့်ခန်းများ

# သတိပြုရန်

သင်စာတစ်မျိုးသင်ပြီးတိုင်း
သက်ဆိုင်ရာလေ့ကျင့်ခန်းကို
ဆောင်ရွက်ရန်

အားလုံးသင်ပြီးမှ
လေ့ကျင့်ခန်းများကို
အစမှအဆုံးဆောင်ရွက်ရန်မဟုတ်

# (ဒုတိယဆင့်) ကဗျာသင်ကြားခြင်း

| | | |
|---|---|---|
| ကဗျာ (၁၅)ပုဒ် | ရိုးရာကဗျာ | (ကြာအေး၊ ရွှေစွန်ညို) |
| | ဆရာ့ကျေးဇူးဖော်ကျူးကဗျာ | (ဆရာ့ကျေးဇူး၊ပညာရဖို့) |
| | ခေတ်သစ်ကဗျာ | (ဝက်ပါ၊ ပန်းသည်၊ ဥပုသ်စောင့်) |

**သင်ကြားနည်း**

- ကဗျာပါသရုပ်ဖော်ပုံလေ့လာခံစားစေရန်။
- မိမိထင်မြင်ချက်ပေးတတ်အောင်လေ့ကျင့်ပေးရန်။
- ဆရာကနမူနာရွတ်ဆိုပြပြီး ကလေးများတစ်တန်းလုံး၊ အုပ်စုလိုက်တစ်ဦးချင်း ရွတ်ဆိုစေရန်။
- အသံတူ၊ ကာရန်တူစာလုံးများနားထောင်စေရန်။
- နားလည်သလိုပြောပြစေရန်။

# (ဒုတိယဆင့်) စကားပြေသင်ကြားခြင်း

| | | |
|---|---|---|
| စကားပြေ (၁၄)ပုဒ် | သင်ခန်းစာပေး | (ရာဇကုမာရ်သားလိမ္မာ၊ သားထူးသားမြတ်) |
| ဆုံးမစာ | ရပ်ရွာအကျိုးပြု | (ဦးသန့်နေအိမ်ပြတိုက်၊ ကျွန်တော်တို့ရွာကလေး၊ တို့ရွာတို့ကျောင်း၊ စံပြကျေးရွာ၊ ရွှေလျားစာကြည့်တိုက်) |
| စကားထာ | | |
| ဆိုရိုးစကား | အတုယူဖွယ် | (စာဖတ်သောလယ်သမားလေးမောင်ဉက္ကာ) |

**သင်ကြားနည်း**

- လက်တွေ့ဖတ်စေ၊ တစ်တန်းလုံး၊ အုပ်စုလိုက်တစ်ဦးချင်းဖတ်စေ၊
- အဓိပ္ပာယ်ပြောစေ၊
- ဇာတ်ဟန်ခင်းကျင်းစေ၊
- နှိုင်းယှဉ်ဝေဖန်စေ၊
- သင်ခန်းစာယူတတ်စေ၊

# (ဒုတိယဆင့်) ပုံပြင်သင်ကြားခြင်း

| | | |
|---|---|---|
| **ပုံပြင် (၈)ပုဒ်** | သမိုင်းပုံပြင် | (အလိုကြီးအရနည်း၊ အဘိုးအိုနှင့်သားများ၊ သားလိမ္မာနှင့်ယုန်ကလေး၊ မိုးခြိမ်းသံကြောက်တဲ့အမေ) |
| | သင်ခန်းစာယူဖွယ | (ပိုနေမြဲကျားနေမြဲ) |
| | အတုယူဖွယ် | (ဉာဏ်ကောင်းသောကျီး ...) |

**သင်ကြားနည်း**

- ဆရာကအသံနေ၊ အသံထားဖြင့်ဖတ်ပြရန်။
- တစ်တန်းလုံး၊ အုပ်စုလိုက်တစ်ဦးချင်းဖတ်စေရန်။
- ဆရာကဟန်အမူအရာဖြင့်ပြောပြရန်။
- ကလေးကဆရာ့အတုယူစေရန်။
- ကလေးများကိုထင်မြင်ယူဆချက်များမေးမြန်းရန်။

## အထူးသတိပြုဆောင်ရွက်ရန်

သင်ပြမှုပုံစံပါ

- ရည်ရွယ်ချက်
- သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
- သင်ထောက်ကူပစ္စည်း
- တတ်မြောက်မှုစစ်ဆေးခြင်း

တို့ကိုအချိတ်အဆက်မိမိဖြင့် ဂရုပြုသင်ကြားရန်။

# ကျေးဇူးတင်ပါသည်။